**CALHOUN COUNTY, MICHIGAN**
**JOINT OPERATIONS CENTER**
*COVID-19 Unified Response*

# Joint Information Center

ကြာသပတေးနေ့၊ မတ်လ ၁၈၊ ၂၀၂၁

၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်တွင် Calhoun ကောင်တီတွင် အတည် ပြုထားသောအမှုစုစုပေါင်း ၉၃၆၂ ခုဖြစ်ကြောင်း Calhoun ကောင်တီပြည်သူ့ကျန်းမာရေးဌာန (CCPHD) သို့အစီရင်ခံတင်ပြခဲ့ပြီးဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၂၂၂ ဦးခန့်ရှိခဲ့သည်။ ဤအချက်အလက်များကို တန်လာမှ သောကြာနေ့ထိ www.calhouncountymi.gov တွင်နေ့စဉ်တစ်ကြိမ် update လုပ်ထားပါသည်။

The State vaccine dashboard တွင်ပြသသည်မှာ ၂၀၂၁ ခုနှစ်မတ်လ ၁၇ ရက်မှစ၍၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန သာမကဘဲအမျိုးမျိုးသောရင်းမြစ်များမှ Calhoun ကောင်တီတွင်နေထိုင်သူများအားဆေးပမာဏ ၄၂,၄၉၈ ကိုစီမံခဲ့သည်။

## COVID-19 ကာကွယ်ဆေးသတင်းအချက်အလက်များ

Calhoun ကောင်တီတွင် ၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စုစုပေါင်း ၁၁,၉၅၂ ပထမထိုးဆေးနှင့် ၇,၈၁၄ ဒုတိယကာကွယ်ဆေးထိုးခြင်းများကို စီမံခဲ့သည်။ ပြီးခဲ့သည့်အပတ် မတ်လ ၇ ရက်မှ ၁၃ ရက်အကြား၊ပြည်သူ့ကျန်းမာရေး ဌာနသည်ကာကွယ်ဆေးထိုးရန် ၂,၁၆၂ခု စီမံပေးခဲ့သည်။ CCPHD နှင့်ရပ်ရွာမိတ်ဖက် များသည် ၆၅+ စောင့်ဆိုင်းစာရင်း တွင်ပါဝင်သူတိုင်းကို ဆက်သွယ်ပေးနိုင်ခဲ့သည်။

## မီချီဂန်၏ကာကွယ်ဆေးရပိုင်ခွင့် update

ထောက်ပံ့ရေးခွင့်ပြုချက်အရ၊ ဤအချိန်တွင်မည်သူသည်ကာကွယ်ဆေးထိုးခံထိုက်သူဖြစ်ကြောင်းဆုံးဖြတ်ရန်၊ အစားအစာပြုပြင်ထုတ်လုပ်ရေးနှင့်စိုက်ပျိုးရေးလုပ်ငန်း များတွင်ရွှေ့တန်းမှလုပ်သားများနှင့် အသက် ၅၀-၆၄ ရှိ သူများအပါအဝင် ရောဂါအခံရှိသူများနှင့် / သို့မဟုတ် မသန်မစွမ်းသူများ၊ အထူးကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်သောအသက် ၁၆ နှစ်နှင့်အထက်ကလေးများအားစောင့်ရှောက်သူမိသားစုဝင် များနှင့်အုပ်ထိန်းသူများအပါအဝင် CCPHD သည်မီချီဂန်ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဌာန (MDHHS)၏ဦးစားပေးမှုများကိုပြုလုပ်လိုက်နာခဲ့သည်။

- ၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်အသက် ၅၀-၆၄ အတွင်းရှိသူအားလုံးနှင့်အသက် ၁၆-၄၉နှစ်ရှိမသန်စွမ်းသူများနှင့် / သို့မဟုတ် ဆေးဘက်ဆိုင်ရာ ရောဂါအခံရှိသူများအပြင်၎င်းတို့၏စောင့်ရှောက်သူမိသားစုဝင်များနှင့်အုပ်ထိန်းသူများအားလုံးအတွက်ကာကွယ်ဆေးထိုးရန်အရည်အချင်းပြည့်မှီပါသည်။

- ၂၀၂၁၊ ဧပြီ ၅ ရက်တွင်၊အသက် ၁၆ နှစ်နှင့်အထက်လူအားလုံးသည်မီချီဂန်၌ကာကွယ်ဆေးထိုးရန် အရည်အချင်းပြည့်မှီသည်။

ကာကွယ်ဆေးထိုးချင်သူမည်သူမဆို calhouncountymi.gov/vaccine ရှိအီလက်ထရောနစ်စောင့်ကြည့်စာရင်းတွင် သူ/သူမ ၏အမည်ကိုထည့်ရန် Calhoun ကောင်တီပြည်သူ့ကျန်းမာရေးဌာနမှတိုက်တွန်းထားလျှက်ရှိသည်။ ကာကွယ်ဆေးအတွက်ရက်ချိန်းများရရှိနိုင်သောအခါ၊ ဤအွန်လိုင်းမှတ်ပုံတင်ခြင်းသည် လူတစ်ဦးချင်းအားအီးမေးလ်နှင့် text ဖြင့်အကြောင်းကြားပါလိမ့်မည်။

## Ford Field ကာကွယ်ဆေး

မတ်လ၂၄ ရက်မှစ၍၊COVID-19 ကာကွယ်ဆေး ၆၀၀၀ ကိုနေ့စဉ် Detroit မြို့လယ်ရှိ Ford Field တွင်အရည်အချင်းပြည့်မှီသူများ အတွက်ရရှိနိုင်ပေလိမ့်မည်။ ရက်ချိန်းတစ်ခုကိုကြိုတင်စာရင်းသွင်းရန်အတွက် https://clinic.meijer.com/register/CL2021 ဒီလင့်ခ် ကိုလိုက်နာပါ။ ရပ်ရွာကာကွယ်ဆေးထိုးသည့်နေရာကိုမတ်လ၂၄ တွင်ဖွင့်လှစ်ပြီးအနည်းဆုံးရှစ်ပတ်ကြာ တစ်နေ့လျှင်ထိုးဆေး ၆၀၀၀ ထိုးပေးရန်မျှော်လင့်ထားသည်။

ကာကွယ်ဆေးကိုအခမဲ့ပေး၍အာမခံမလိုအပ်ပါ၊ကာကွယ်ဆေးထိုးဌာနတွင်လည်းတောင်းဆိုလိမ့်မည်မဟုတ်ပါ။ အထက်တွင် ကိုးကားထားသည့်အတိုင်း MDHHS ကာကွယ်ဆေး၏ ဦးစားပေးလမ်းညွှန်မှုအောက်တွင်လက်ရှိကာကွယ်ဆေးကိုရရှိရန် အရည်ချင်းပြည့်မှီသောမီချီဂန် နေထိုင်သူများသည်ရက်ချိန်းရယူရန်မှတ်ပုံတင်နိုင်ပါသည်။

## သင်၏အချိန်ဇယားကိုစစ်ဆေးပါ !

သင်၏ကာကွယ်ဆေးထိုးရန်ရက်ချိန်းကို CCPHD (သို့မဟုတ်မည်သည့်အဖွဲ့အစည်း) နှင့်မဆိုအတည်ပြုပြီးသည်နှင့်သင်၏ဒုတိယ ဆေးထိုးရန်ဆေးခန်းနေ့အတွက် အဆင်သင့်ရှိနိုင်မည်လားကိုစဉ်းစားရန်အရေးကြီးသည်။ သင်ရရှိသောကာကွယ်ဆေးပေါ် မူတည်၍၊ပထမထိုးဆေးထိုးပြီးနောက် ၂၁ သို့မဟုတ် ၂၈ ရက်ကြာပြီးနောက်တွင် ဖြစ်နိုင်ပါသည်။ သင်၏ပထမကာကွယ်ဆေး ထိုးပြီးသည့်နောက်၊ ဒုတိယဆေးထိုးရန်ရက်ချိန်းကိုအတည်ပြုယူထားပါ။ သင်နှစ်ကြိမ်စလုံးကာကွယ်ထိုးဆေးမခံရမခြင်း အပြည့်အဝကာကွယ်ခြင်းမခံရနိုင်ပါ။ CCPHD သည်ဒုတိယကာကွယ်ဆေးထိုးသည့်နေ့တွင်မထိုးနိုင်သော လူများကိုတွေ့မြင်နေရသည်။ လာမည့်နွေဦးရာသီပိတ်ရက်နှင့်အတူ၊ ပြည်သူ့ကျန်းမာရေးဌာနမှလူတိုင်းဒုတိယကာကွယ်ဆေးထိုးချိန်ကိုပြန်လည် သတ်မှတ်ရန်နှင့် ဒုတိယဆေးထိုးရန်သတ်မှတ်ထားသည့်ရက်တွင် မပြီးစီးနိုင်သည့်အခါထောက်ပံ့ရေးဆိုင်ရာစိန်ခေါ်မှုများကိုသတိပြုရန်သိထားသင့်သည်။

စီးပွါးရေးအတွက်ကောင်းမွန်စေသည် : Coronavirus ကာကွယ်ဆေးဖြန့်ဖြူးခြင်းလုပ်ငန်းသည်အသေးစားစီးပွားရေးလုပ်ငန်းရှင် များအားအကောင်းမြင်ခြင်းလက္ခဏာတစ်ခုကိုပေးသည်၊ သို့သော်အရာရာပုံမှန်ပြန်ဖြစ်လာခြင်းမတိုင်မှီရှေ့မှာရှည်လျားသော ခရီးလမ်းရှိနေဆဲပါ။ Battle Creek ကုန်သည်ကြီးများအသင်း ဉက္ကဌ Kara Beer က " ကာကွယ်ဆေးများသည်စီးပွားရေးပြန်လည် နလန်ထူမှုအတွက် အဆုံးစွန်သောအခွင့်အရေးဖြစ်သည်။ သို့သော်အသေးစားစီးပွါးရေးလုပ်ငန်းရှင်တွေအတွက်တော့ရှေ့လျှောက်ရှည်လျားတဲ့လမ်းတွေရှိ တယ်ဆိုတာငါတို့သိတယ်။ ”ဟုဝေမျှပြောကြားခဲ့သည်။ နိုင်ငံတော်လေ့လာစမ်းသပ်မှုတစ်ခုအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ဝန်ထမ်းများအား ကျန်းမာရေးအတွက်ကာကွယ်ဆေးထိုးရန် အားပေးခြင်း သို့မဟုတ် အဘယ်ကြောင့်ဆိုတော့ ဤအရာသည် လုပ်သင့်လုပ်ထိုက်သည့်အပြင် ကိုယ်တိုင်ကျန်းမာစွာနေထိုင်ရန်ဖြစ်သည်။

CCPHDနှင့်ပူးတွဲစစ်ဆင်ရေးစင်တာမှခေါင်းဆောင်များသည်အလုပ်ဆင်းရသည့်နေ့အတွင်း၌ပင်ဝန်ထမ်းများအတွက်ကာကွယ်ဆေးထိုးရန်ရက်ချိန်းများပြု လုပ်ရန်ဒေသခံစီးပွားရေးလုပ်ငန်းများကိုတိုက်တွန်းထားသည်။ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သို့) ဒေသခံဆေးရုံများမှကာကွယ် ဆေးထိုးပေးသည့်ဆေးခန်းများသည်ရရှိနိုင်သည့်အရင်းအမြစ်များအရတနေ့တာအတွင်းနေရာ ယူဆောင်ရွက်နိုင်သည်။ ၎င်းသည် လူတစ်ဦး၏ တနေ့တာအလုပ်ခွင်အတွက်အနှောင့်အယှက်ဖြစ်နိုင်သော်လည်းရက်ချိန်းသည် အလွန်တိုတောင်းပြီးလူအများစုသည်မိနစ် ၂၀ အတွင်းဆေးခန်း သို့ဝင်ပြီးပြန်ထွက်ခွါနိုင်ကြသည်။ယခုကာကွယ်ဆေးထိုးခြင်းသည် အလုပ်သို့ပြန်သွားခြင်းနှင့် ပုံမှန်အလုပ်များကို မြန်မြန်ဆန်ဆန်ပြုလုပ်လာနိုင်စေလိမ့်မည်။

### ကာကွယ်ဆေးအပြည့်ဝထိုးပြီးပြီလား ?

ရပ်ရွာလူထုများပိုမိုကာကွယ်ဆေးထိုးနေသောကြောင့်၊ CCPHD သည်ကာကွယ်ဆေးအပြည့်အဝထိုးခြင်း၏အဓိပ္ပာယ်ကို အိမ်နီးချင်းများအားနားလည်စေလိုသည်။ လူများအား COVID-19 ကာကွယ်ဆေးကို 2-dose series (Pfizer or Moderna)၏ ဒုတိယဆေးထိုးပြီးသည့်နောက်နှစ်ပတ်အကြာတွင်အပြည့်အဝကာကွယ်နိုင်သည်ဟုသတ်မှတ်ထားပြီးသို့မဟုတ်သူတို့က တစ်ကြိမ်ထိုးကာကွယ်ဆေး (Johnson & Johnson) ကိုလက်ခံရရှိပြီးနောက်နှစ်ပတ်အကြာတွင်ဖြစ်သည်။ အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်တားဆီးရေးဗဟိုဌာန (CDC)

သည်ကာကွယ်ဆေးထိုးပြီးသူများသည်ယခင်ကမ္ဘာလုံးဆိုင်ရာ
ကပ်ရောဂါကြောင့်စိတ်ပျက်အားလျော့စေသောအရာများမှပြန်လည်စတင်လုပ်ဆောင်နိုင်မည့်တရားဝင်လမ်းညွှန်ချက်များ ကိုထုတ်ပြန်ခဲ့သည်။
အကယ်၍ သင်သည်အပြည့်အဝကာကွယ်ဆေးထိုးပြီးလျှင် :

- သင့်အနေဖြင့်ကာကွယ်ဆေးအပြည့်အဝထိုးပြီးသူများအားမျက်နှာဖုံးမဝတ်ဘဲအိမ်အတွင်း၌တွေ့ဆုံနိုင်သည်။
- အခြားအိမ်ထောင်စုတစ်ခုမှကာကွယ်ဆေးထိုးမခံရသူများနှင့်မျက်နှာဖုံးများမပါဘဲအိမ်တွင်း၌တွေ့ဆုံနိုင်သည် (ဥပမာအားဖြင့်အတူတူနေထိုင်သောဆွေမျိုးများနှင့်အတူသွားရောက်လည်ပတ်ခြင်း)။ ထိုလူများသို့မဟုတ် သူတို့နှင့်အတူနေထိုင်သူတစ်ဦးဦးမှ COVID-19 မှပြင်းထန်သောဖျားနာမှုအတွက်မြင့်မားသောအန္တရာယ်မရှိပါက။
- သင် COVID-19 ရောဂါရှိသူတစ်ဦးဦးနှင့်အတူရှိခဲ့လျှင်၊ သင့်တွင်ရောဂါလက္ခဏာများမရှိပါကအခြားသူများနှင့် ဝေးဝေးနေရန်သို့မဟုတ်စစ်ဆေးရန်မလိုအပ်ပါ။

Learn more on the CDC website

## ကာကွယ်ဆေးထောက်ပံ့ငွေစမ်းသပ်အစီအစဉ်၏စေတနာ့ဝန်ထမ်းများ

COVID-19 ကာကွယ်ဆေးထိုးခြင်းနှင့်ပညာရေးအားထုတ်မှုများကို Calhoun ကောင်တီရှိအဖွဲ့အစည်းများကဆက်လက် လုပ်ဆောင်နေကြသည်။
မကြာသေးမီကချီးမြှင့်သော Michigan Community Outreach Pilot အစီအစဉ်အတွက်ကာကွယ် ဆေးထောက်ပံ့ငွေနှင့်အတူ CCPHD
သည်လာမည့်ဆေးခန်းများအတွက်ကာကွယ်ဆေးထိုးရက်ချိန်းများဖြည့်ရန်မိတ်ဖက်များ
နှင့် လက်တွဲလုပ်ဆောင်လျှက်ရှိသည်။ COVID-19 ကာကွယ်ဆေးထိုးရန်လူများကိုစာရင်းသွင်းစေရန်တံဆိပ်ခတ်အထောက်
အထားများပါသောစေတနာ့ဝန်ထမ်းများသည် Battle Creek, Springfield နှင့် Albion ရှိခုခံနိုင်စွမ်းနည်းပါးသောသန်းခေါင်စာရင်း ၁၀
ခုတွင်တစ်အိမ်ထောင်မှတစ်အိမ်ထောင်သို့သွားရောက်နေကြသည်။ ထိုအိမ်နီးချင်းများတွင်စေတနာ့ဝန်ထမ်းများကအသက်
၆၀+အထက်အသက်အရွယ်ကြီးသူများကိုစာရင်းသွင်းထားပါသည်။ Battle Creek ရဲဌာနသည်နေထိုင်သူများထံမှလိမ်လည်မှု ဟုသံသယရှိ
သည့်သတင်းများရရှိခဲ့ပြီးထိုစိုးရိမ်မှုများကိုကျွန်ုပ်တို့နားလည်သဘောပေါက်ပါသည်။ စေတနာ့ဝန်ထမ်းတိုင်းသည် တရားဝင်စာရွက်
စာတမ်းများကိုင်ဆောင်ထားကြပြီး သူတို့ကကျွန်တော်တို့ကိုအကူညီပေးနေတယ်ဆိုတာပြသနိုင်ပါသည်။
ဤသန်းခေါင်စာရင်းနယ်မြေဒေသရှိနေထိုင်သူများအတွက်စေတနာ့ဝန်ထမ်းများသင့်အိမ်သို့လာလျှင် ကျေးဇူးပြု၍ မထိတ်လန့် ပါနှင့်။
သင့်အားလာမည့်ကာကွယ်ဆေးထိုးဆေးခန်းတစ်ခုတွင် စာရင်းသွင်းပေးရန်သူတို့ကအကူအညီပေးဖို့ရှိနေသည်။

## ဗိုင်းရပ်စ်အရေအတွက်နံပါတ်များမြင့်တက်နေကြသည်

မီချီဂန်သည် ၂၀၂၁ မတ်လ ၁၆ ရက်တွင် COVID-19 ဖြစ်ပွားမှု ၂၀၄၈ မှုနှင့် ၂၇ ဦး သေဆုံးမှုကိုအစီရင်ခံခဲ့သည်။
ခုနစ်ရက်အတွင်းတွင်စတုတ္ထအကြိမ်မီချီဂန်၌တစ်နေ့တည်းတွင်အနည်းဆုံးဖြစ်ပွားမှုပေါင်း၂၀၀၀ ကိုအစီရင်ခံတင်ပြခဲ့သည်။
မီချီဂန်ကျန်းမာရေးနှင့်လူ့ဝန်ဆောင်မှုဌာနမှအချက်အလက်များအရမီချီဂန်၌တစ်နေ့လျှင်ပျမ်းမျှဖြစ်ပွားမှုနှုန်းမှာ ၁,၉၅၁ ယောက်ဖြစ်ပြီး၊
ထိုအရာသည် ဖေဖော်ဝါရီ၂၀ ၊ ၂၀၂၁ ကတည်းမှ ၁၄၀% တိုးတက်လာခြင်းဖြစ်သည်။

ဤလမ်းကြောင်းသည်အိမ်နှင့်နီးကပ်နေသည်ကိုထင်ဟပ်စေသည် : COVID-19 ဖြစ်ပွားမှုနံပါတ်များသည်ယခုအချိန်တွင် Calhoun
ကောင်တီတွင်မှားယွင်းသောလမ်းကြောင်းသို့သွားနေသည်။
ကာကွယ်ဆေးများထုတ်ပေးနေချိန်တွင်လူများတို့သည်မျက်နှာဖုံးများနှင့်လူမှုအကွာအဝေးကိုဆက်လက်ထိန်းသိမ်းထားရန်လိုအပ်ပါသည်။ကျွန်
တော်တို့အားလုံးထိုဖြစ်ပွားမှုမှာအတူတကွရှိနေပြီး
ကူးစက်ရောဂါဖြစ်ပွားမှုကိုရပ်တန့်ရန်အတွက်လူတိုင်းသည်အကြံပြုထားသည့်လုပ်ဆောင်မှုများအားလုံးကိုဆက်လက်လုပ်ဆောင်သင့်သည်။

***

Sign up to receive all Joint Operations Center communications.

Calhoun ကောင်တီမှကောင်တီစစ်ဆင်ရေးနှင့် Calhoun ကောင်တီရှိ COVID-19 မှနောက်ဆုံးရသတင်းများအတွက်ကောင်တီရှိဝက်ဘ်ဆိုက် calhouncountymi.gov သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

City of Battle Creek ၏နောက်ဆုံးရသတင်းများကို ကျေးဇူးပြု၍ battlecreekmi.gov/coronavirus တွင်ကြည့်ရှုပေးပါ။

ပြည်နယ်၏ COVID-19 Hotline သည်ဗိုင်းရပ်စ်နှင့်ပတ်သက်သောမေးခွန်းများသို့မဟုတ်စိုးရိမ်မှုများရှိသူမည်သူမဆိုအတွက် အသင့်ရရှိ ဆက်သွယ်နိုင်ပါသည်။ Hotline သည် နေ့စဉ် နံနက် ၈ နာရီမှ ၅ နာရီအထိတစ်ပတ်လျှင်ခုနစ်ရက်ဖွင့်ထားပါသည်။ 1-888-535-6136 ကိုခေါ်ဆိုပါ။ ပြည်နယ် COVID-19 အချက်အလက်များအတွက် michigan.gov/coronavirus သို့သွားရောက်လေ့လာနိုင်ပါသည်။